# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၀-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၉:၃၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၉,၇၁၈,၀၃၀) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၇၂၈,၀၁၃) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၁၀-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၉-၈-၂၀၂၀) | (၁၀-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၈၉၇,၉၅၈ | ၄,၉၅၁,၈၅၁ | ၅၃,၈၉၃ | ၁၆၀,၉၈၉ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၉၆၂,၄၄၂ | ၃,၀၁၂,၄၁၂ | ၄၉,၉၇၀ | ၁၀၀,၄၇၇ |
| ၃။ | အိန္ဒိယ | ၁ ၃၆၈.၇ | ၂,၁၅၃,၀၁၀ | ၂,၂၁၅,၀၇၄ | ၆၂,၀၆၄ | ၄၄,၃၈၆ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၈၇,၅၃၆ | ၈၉၂,၆၅၄ | ၅,၁၁၈ | ၁၅,၀၀၁ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၅၃,၁၈၈ | ၅၅၉,၈၅၉ | ၆,၆၇၁ | ၁၀,၄၀၈ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၆၉,၄၀၇ | ၄၇၅,၉၀၂ | ၆,၄၉၅ | ၅၂,၀၀၆ |
| ၇။ | ပီရူး | ၃၂.၉ | ၄၆၃,၈၇၅ | ၄၇၁,၀၁၂ | ၇,၁၃၇ | ၂၀,၈၄၄ |
| ၈။ | ကိုလံဘီယာ | ၄၉.၈ | ၃၆၇,၁၉၆ | ၃၇၆,၈၇၀ | ၉,၆၇၄ | ၁၂,၅၄၀ |
| ၉။ | ချီလီ | ၁၈.၃ | ၃၇၁,၀၂၃ | ၃၇၃,၀၅၆ | ၂,၀၃၃ | ၁၀,၀၇၇ |
| ၁၀။ | အီရန် | ၈၂.၈ | ၃၂၄,၆၉၂ | ၃၂၆,၇၁၂ | ၂,၀၂၀ | ၁၈,၄၂၇ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၁၀-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၉-၈-၂၀၂၀) | (၁၀-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုးလူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၈၄,၁၀၃ | ၂၈၄,၆၆၀ | ၅၅၇ | ၆,၀၉၇ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၅၅,၁၁၃ | ၂၅၇,၆၀၀ | ၂,၄၈၇ | ၃,၃၉၉ |
| (ဂ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၂၆,၈၈၅ | ၁၂၉,၉၁၃ | ၃,၀၂၈ | ၂,၂၇၀ |
| (ဃ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၂၃,၅၀၃ | ၁၂၅,၃၉၆ | ၁,၈၉၃ | ၅,၇၂၃ |
| (င) | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁ ၄၂၀.၁ | ၈၉,၁၅၁ | ၈၉,၂၇၀ | ၁၂၁ | ၄,၆၉၃ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၄,၉၂၉ | ၅၅,၁၀၄ | ၁၇၅ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၅၁ | ၃,၃၅၁ | ၀ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၈၁၂ | ၈၄၁ | ၂၉ | ၁၃ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၆၀ | ၃၆၀ | ၀ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန